http://www.dhammadownload.com



၅၇၆။ ငါးပါးသော မျက်စိအမြင်ရှိတော်မူသော မြတ်စွာဘုရား (အကျွန်ုပ်တို့သည်) ဤနေ့မှစ၍ ရေတွက်သော် ရှစ်ရက်မြောက်သောနေ့၌ အသျှင်ဘုရားကို ကိုးကွယ်ရာဟူ၍ ဆည်းကပ်ကြပါကုန်၏၊ ဘုန်းတန်ခိုးကြီးတော်မူသော မြတ်စွာဘုရား အကျွန်ုပ်တို့သည် ခုနစ်ညဉ့်မျှဖြင့် အသျှင်ဘုရား၏ သာသနာတော်၌ ယဉ်ကျေးသူတို့ ဖြစ်ကြရပါကုန်၏။ (၂၃)

၅၇၇။ (မြတ်စွာဘုရား)အသျှင်ဘုရားသည် သစ္စာလေးပါးကို သိတော်မူပါ၏၊ အသျှင်ဘုရားသည် ဆရာဖြစ်တော်မူပါ၏၊ အသျှင်ဘုရားသည် မာရ်ငါးပါးကို နှိမ်နင်းတော်မူပါပေ၏၊ အသျှင်ဘုရားသည် အနုသယတို့ကို ဖြတ်တောက်လျက် သံသရာမှ ကူးမြောက်ပြီးဖြစ်၍ ဤသတ္တဝါအပေါင်းကို သံသရာမှ ကယ်တင်တော်မူပါပေ၏။ (၂၄)

၅၇၈။ အသျှင်ဘုရားသည် ဥပဓိလေးပါးတို့ကို ကောင်းစွာ လွန်မြောက်ပါကုန်ပြီ၊ အသျှင်ဘုရားသည် အာသဝတို့ကို ခွဲဖျက်အပ်ပါကုန်ပြီ၊ အသျှင်ဘုရားသည် ခြင်္သေ့သဖွယ်ဖြစ်တော်မူပါပေ၏၊ တစုံတရာ စွဲလမ်းမှုမရှိသူ ကြောက်ခြင်း ထိတ်လန့်ခြင်းတို့ကို ပယ်ပြီးသူ ဖြစ်တော်မူပါပေ၏။ (၂၅)

၅၇၉။ သုံးရာသော ဤရဟန်းတို့သည် လက်အုပ်ချီလျက် တည်နေကြပါကုန်၏၊ လုံ့လရှိတော်မူသော မြတ်စွာဘုရား ခြေတော်တို့ကို ဆန့်တန်းတော်မူပါလော့၊ ရဟန္တာတို့သည် မြတ်စွာဘုရားအား ရှိခိုးကြပါစေကုန်သတည်းဟု (လျှောက်၏)။ (၂၆)

ခုနစ်ခုမြောက် သေလသုတ် ပြီး၏။

---

## ၈-သလ္လသုတ်

၅၈၀။ ဤလောက၌ သတ္တဝါတို့၏ အသက်သည် အမှတ်နိမိတ်ကင်းသည်ဖြစ်၍ (သေရမည့်အခါ လားရာဂတိ အသက်အပိုင်းအခြားကို)မသိနိုင်၊ အကြောင်းများစွာနှင့် စပ်သဖြင့် ပင်ပန်းငြိုငြင်ရ၏၊နည်းငယ်တိုတောင်းလှ၏၊(သို့ဖြစ်နေလျက်လည်း)ထိုအသက်သည် ဆင်းရဲအမျိုးမျိုးနှင့် ရောယှက်နေသေး၏။ (၁)

၅၈၁။ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာသော သတ္တဝါတို့သည် အကြင်(ဆေးဝါးမန္တရားစသော) လုံ့လဖြင့် မသေကုန်ရာ၊ထိုမသေရာသော လုံ့လမျိုးသည် မရှိနိုင်၊အိုခြင်းသို့ရောက်၍သော်၎င်း (အိုခြင်းသို့ မရောက်မူ၍သော်၎င်း) သေတတ်၏၊ သတ္တဝါတို့သည် ဤသို့ သေတတ်သော သဘောရှိကုန်သည်သာတည်း။ (၂)

၅၈၂။ သစ်သီးမှည့်တို့အား နံနက်တိုင်း ကြွေကျရခြင်းကြောင့် ဘေးဖြစ်သကဲ့သို့ ဤအတူ ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာကုန်သော သတ္တဝါတို့အား သေရခြင်းကြောင့် အမြဲဘေးဖြစ်နေ၏။ (၃)

၅၈၃။ အိုးထိမ်းသည်ပြုလုပ်အပ်သော မြေအိုးမြေခွက် အားလုံးတို့သည် ကွဲခြင်းလျှင် အဆုံးရှိကြကုန်သကဲ့သို့ ဤအတူ သတ္တဝါတို့အသက်သည် သေခြင်းလျှင် အဆုံးရှိ၏။ (၄)

http://www.dhammadownload.com



၅၈၄။ ငယ်သူတို့သည်၎င်း ကြီးသူတို့သည်၎င်း မိုက်သူတို့သည်၎င်း ပညာရှိသူတို့သည်၎င်း ထိုသူအားလုံးတို့သည် သေမင်းအလိုနိုင်ငံသို့ လိုက်ပါကြရကုန်၏၊ အလုံးစုံသောသူတို့သည် သေမင်း၏အသံသို့ ဆိုက်ရောက်ကြရကုန်၏။ (၅)

၅၈၅။ သေမင်း နှိပ်စက်အပ်ကုန်သည်ဖြစ်၍ တမလွန်လောကသို့ သွားကုန်သော ထိုသတ္တဝါတို့တွင် အမိအဖသည် သားသမီးကို (သေဘေးမှ)မစောင့်ရှောက်နိုင်၊ ဆွေမျိုးတို့သည်လည်း ဆွေမျိုးတို့ကို (သေဘေးမှ)မစောင့်ရှောက်နိုင်ကုန်။ (၆)

၅၈၆။ ကြည့်ရှုစမ်းပါလော့- သတ်မည့်နွားကို ဆောင်ယူသွားသကဲ့သို့ ဆွေမျိုးတို့ ကြည့်ရှုနေကြကုန်စဉ်ပင် အထူးထူးအထွေထွေ ငိုကြွေးမြည်တမ်းနေကြကုန်စဉ်မှာပင် သတ္တဝါတို့တွင် တယောက်စီ တယောက်စီ သေမင်းသည် ဆောင်ယူသွားလေ၏။ (၇)

၅၈၇။ ဤသို့သတ္တဝါအပေါင်းကို သေခြင်းတရားသည်၎င်း အိုခြင်းတရားသည်၎င်း အလွန်ညှဉ်းဆဲ နှိပ်စက်နေ၏၊ ထို့ကြောင့် ပညာရှိတို့သည် လောကအကြောင်းကိုသိ၍ မစိုးရိမ်ကြကုန်။ (၈)

၅၈၈။ (ဤဘဝသို့) လာသည်လည်းဖြစ်သော (ဘဝတပါးသို့) သွားသည်လည်းဖြစ်သော အကြင်သူ၏ လမ်းခရီးကို မသိ၊ ထိုသူ၏ သွားရာ လာရာ ခရီးနှစ်မျိုးတို့ကို ကောင်းစွာမမြင်ရ၊ အကျိုးမဲ့ ငိုကြွေး၏။ (၉)

၅၈၉။ ငိုကြွေးသည်ဖြစ်၍ အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ တွေဝေသည်ဖြစ်၍ မိမိကိုယ်ကို ညှဉ်းဆဲလျက် အကျိုးတစုံတရာကို ဆောင်နိုင်ခဲ့ပါမူ ပညာရှိသည် ထိုငိုကြွေးမှုစသည်ကို ပြုရာ၏။ (၁၀)

၅၉၀။ (တစုံတယောက်သောသူသည်) ငိုကြွေးခြင်းဖြင့်၎င်း စိုးရိမ်ပူဆွေးခြင်းဖြင့်၎င်း စိတ်၏ငြိမ်းအေးခြင်းသို မရောက်နိုင်၊ ထိုငိုကြွေးသူအား ဆင်းရဲသာလျှင် လွန်စွာဖြစ်ရ၏၊ ခန္ဓာကိုယ်သည်လည်း ပင်ပန်းရာ၏။ (၁၁)

၅၉၁။ မိမိကိုယ်ကို မိမိကိုယ်တိုင် နှိပ်စက်ညှဉ်းဆဲသူသည် ကြုံလှီသော ကိုယ်ရှိသူ အဆင်းမလှသူ ဖြစ်ရ၏၊ ထိုသို့ ငိုကြွေးသဖြင့် သေသောသူတို့သည် မမျှတနိုင်ကုန်၊ ထို့ကြောင့် ငိုကြွေးခြင်းသည် အကျိုးမရှိ။ (၁၂)

၅၉၂။ စိုးရိမ်မှု 'သောက'ကို မပယ်စွန့်နိုင်သော သတ္တဝါသည် လွန်စွာ (ကိုယ်စိတ်) ဆင်းရဲခြင်းသို့ ရောက်၏၊ သေသူကို အကြောင်းပြု၍ အဖန်တလဲလဲ စိုးရိမ်ညည်းတွားသူသည် စိုးရိမ်ခြင်း၏ အလိုသို့ အစဉ်လိုက်ရ၏။ (၁၃)

၅၉၃။ ဤလောက၌ တမလွန်သို့ သွားသော ကံအားလျော်စွာ ဘဝသို့ ကပ်ရောက်ရကုန်သော တပါးသောသူတို့ကို၎င်း သေမင်း၏ အလိုနိုင်ငံသို့ ရောက်ကုန်၍ (သေဘေးဖြင့်) တုန်လှုပ်ကုန်သော သတ္တဝါတို့ကို၎င်း ကြည့်ရှုလော့။ (၁၄)

၅၉၄။ မှန်၏ - (သတ္တဝါတို့သည်)အကြင်သို့သော အသက်ရှည်လိမ့်မည် အနာကင်းလိမ့် [illegible] အခြင်းအရာဖြင့် ထင်မှတ်အောက်မေ့ကုန်၏၊ ထိုထင်မှတ်အောက်မေ့သည်မှတပါး

http://www.dhammadownload.com



သေခြင်း အနာရောဂါများခြင်းစသော အခြင်းအရာဖြင့် ဖြစ်၏၊ ဤသို့သဘောရှိသော ဆန့်ကျင်ဘက်သဘောသည် ဖြစ်၏၊ ဤသို့ လောက၏ အကြောင်းကို ရှုပါလော့။ (၁၅)

၅၉၅။ ဤလောက၌ သတ္တဝါသည် အနှစ်တရာသော်လည်း အသက်ရှည်၏၊ အနှစ်တရာ ထက် အလွန်သော်လည်း အသက်ရှည်ရ၏၊ သို့ပင် အသက်ရှည်ရသော်လည်း ဆွေမျိုးအပေါင်း မှ ကင်း၍ ဖြစ်ရတတ်၏၊ (နောက်ဆုံး၌မူ)အသက်ကို စွန့်ရသည်သာတည်း။ (၁၆)

၅၉၆။ ထို့ကြောင့် မြတ်စွာဘုရား၏ (တရားတော်ကို) ကြားနာရ၍ သေသောသူကို တွေ့မြင်ရသည်ရှိသော် ဤသေသောသူသည် တဖန် အသက်ရှင်ပါစေသတည်းဟု ငါတောင့် တ၍ မရနိုင်တော့ပေဟု ပိုင်းခြားသိလျက် ငိုကြွေးခြင်းကို ပယ်ဖျောက်ရာ၏။ (၁၇)

၅၉၇။ မီးလောင်နေသော အိမ်ကို ရေဖြင့် ငြိမ်းသတ်ရာသကဲ့သို့ ဤအတူ တည်ကြည်သည် ဖြစ်၍ ပဋိသန္ဓေပညာရှိသော အကြားအမြင် ပညာရှိ၍ လိမ္မာသော ပုဂ္ဂိုလ်သည် (မိမိ အပေါ်၌)ကျရောက်နေသော စိုးရိမ်မှု 'သောက'ကို လျင်စွာ ငြိမ်းစေရာ၏၊ လေသည် လဲ ဝါဂွမ်းကို တိုက်ခတ်ဖျက်ဆီးလိုက်သကဲ့သို့ စိုးရိမ်မှု 'သောက'ကို ဖျက်ဆီးရာ၏။ (၁၈)

၅၉၈။ မိမိ၏ ချမ်းသာကို ရှာသောသူသည် ငိုကြွေးမှု တောင့်တမှု နှလုံးမသာယာမှု ဟူ သော မိမိ၌ စူးဝင်နေသော မြှားငြောင့်ကို မိမိကိုယ်တိုင်ပင် နုတ်ရာ၏။ (၁၉)

၅၉၉။ မြှားငြောင့်ကို နုတ်ပြီးသူသည် (တဏှာဒိဋ္ဌိကို)မမှီမူ၍ စိတ်၏ ငြိမ်းအေးခြင်းသို့ ရောက်လျက် စိုးရိမ်မှု အားလုံးကို လွန်မြောက်ကာ စိုးရိမ်မှုမရှိ ငြိမ်းအေးသူဖြစ်၏။ (၂၀)

ရှစ်ခုမြောက် သလ္လသုတ် ပြီး၏။

---

## ၉ ဝါသေဋ္ဌသုတ်

အကျွန်ုပ်သည် ဤသို့ ကြားနာခဲ့ရပါသည်—အခါတပါး၌ မြတ်စွာဘုရားသည် ဣစ္ဆာနင်္ဂလ နိဂုံး ဣစ္ဆာနင်္ဂလတောအုပ်၌ သီတင်းသုံး နေတော်မူ၏၊ထိုစဉ်အခါ၌ စင်္ကီပုဏ္ဏား တာရုက္ခပုဏ္ဏား ပေါက္ခရသာတိပုဏ္ဏား ဇာဏုဿောဏိပုဏ္ဏား တောဒေယျပုဏ္ဏားဟူသော အလွန်ထင်ရှားကျော် စောကုန်သော ပုဏ္ဏားသူဌေးများစွာတို့သည်၎င်း ထိုမှတပါး အလွန်ထင်ရှားကျော်စောသော ပုဏ္ဏားသူဌေးတို့သည်၎င်း ဣစ္ဆာနင်္ဂလနိဂုံး၌ တည်းခို နေထိုင်ကြကုန်၏၊ ထိုအခါ ဝါသေဋ္ဌနှင့် ဘာရဒွါဇလုလင်တို့သည် အညောင်းပြေ လမ်းလျှောက်ခြင်းဖြင့် တယောက်နောက် တယောက် လိုက်ကာ စကြံသွားလာ လှည့်လည်လျက် နေကြကုန်စဉ် "အဘယ်သို့သော အကြောင်းဖြင့် ပြာဟ္မဏဖြစ်နိုင်သနည်း"ဟု ဤအကြားစကားသည် ဖြစ်ပေါ်၏။

ဘာရဒွါဇလုလင်က ဤသို့ ဆို၏ "အချင်းဝါသေဋ္ဌ အမိဖက် အဖဖက် နှစ်ဖက်စလုံးတို့မှ ကောင်းသော ဇာတ်ရှိ၏၊ဘိုးဘေးခုနစ်ဆက်တိုင်အောင် မျိုးရိုးသန့်သော အမိဝမ်းရှိ၏၊ ဇာတ်နှင့် စပ်သောစကားဖြင့် အပယ်မခံရ၊ အကဲ့ရဲ့မခံရ၊ အချင်းဝါသေဋ္ဌ ဤမျှဖြင့်ပင် ပြာဟ္မဏဖြစ်နိုင်၏"ဟု ဆို၏။